အို-အဘူဘကရ်၊ ထိုနှစ်ဦး (တမန်တော်နှင့် အဘူဘကရ်)
ပတ်သတ်၍ အသင်မည်သို့ ထင်မြင်ယူဆသနည်း။
အလ္လာဟ်အရှင်မြတ်သည် ( ၎င်းတို့နှစ်ဦးနှင့်အတူ )
တတိယ‌မြောက်အဖြစ် ရှိတော်မူ၏။
အဘူဗကရ် စွိဒ်ဒီးက် ( ရဿွိယလ္လာဟု အန်ဟု ) ဆင့်ပြန်ပြောကြားခဲ့သည်။
ကျွန်ုပ်တို့သည်( ဆောင်ရ် )လိုဏ်ဂူအတွင်း၌ရှိစဉ် မုရှ်ရိက်များ၏ ခြေထောက်များကို
ကျွန်ုပ်တို့၏ဦးခေါင်းများအပေါ်၌ မြင်တွေ့ခဲ့ရသည်။ ထို့နောက် ကျွန်ုပ်က "အို-
အလ္လာဟ်၏ရစူလ်တမန်တော်၊ အကယ်၍ သူတို့ထဲမှ တစ်ဦးဦးသည် မိမိ၏ခြေရင်းဘက်သို့
ကြည့်လိုက်ပါက ကျွန်တော်မျိုးတို့အား သူတို့၏ခြေရင်း၌ (ရှိနေသည်ကို
)တွေ့မြင်သွားကြမည်ဖြစ်သည်" ဟု ပြောခဲ့သည်။ ထိုအခါ တမန်တော်မြတ် صلى الله عليه وسلم က
ဤသို့မိန့်ကြားတော်မူသည်- "အို-အဘူဘကရ်၊ ထိုနှစ်ဦး (တမန်တော်နှင့် အဘူဘကရ်)
ပတ်သတ်၍ အသင်မည်သို့ ထင်မြင်ယူဆသနည်း။ အလ္လာဟ်အရှင်မြတ်သည် (
၎င်းတို့နှစ်ဦးနှင့်အတူ ) တတိယ‌မြောက်အဖြစ် ရှိတော်မူ၏။
[صحيح] [متفق عليه]
မုအ်မင်န်တို့၏ ခေါင်းဆောင် အဘူဘကရ် စွစ်ဒ္ဒီးက် (ရဿွိယလ္လာဟုအန်ဟု)က
ဟိဂျ်ရသ်ပြုချိန်၌ ပြော ကြားခဲ့သည်မှာ- ကျွန်ုပ်သည် မုရှ်ရိက်များ၏ခြေထောက်များကို
မြင်တွေ့ခဲ့ရသည်။ သူတို့သည် ဆောင်ရ်လိုဏ်ဂူ၏အပေါ်တွင်
ကျွန်ုပ်တို့၏ခေါင်းများအပေါ်၌ ရပ်လျှက်ရှိနေကြပြီး ကျွန်ုပ်တို့သည်
လိုဏ်ဂူအတွင်း၌ ရှိနေကြသည်။ ထို့နောက် ကျွန်ုပ်က "အို- အလ္လာဟ်၏ရစူလ်တမန်တော်၊ အကယ်၍
သူတို့ထဲမှ တစ်ဦးဦးသည် မိမိ၏ခြေရင်းဘက်သို့ ကြည့်လိုက်ပါက ကျွန်ုပ်တို့အား
သူတို့၏ခြေရင်း၌ တွေ့မြင်သွားကြမည်ဖြစ်သည်" ဟု ပြောခဲ့သည်။ ထိုအခါ တမန်တော်မြတ် صلى الله عليه وسلم က
"အို- အဘူဘကရ်၊ အလ္လာဟ်အရှင်မြတ်သည် တတိယမြောက်အဖြစ်ရှိတော်မူပြီးအောင်နိုင်မှု၊
ကူညီစောင်မမှု၊ ကာကွယ်စောင့်ရှောက်မှုနှင့်
လမ်းညွှန်တည့်မှတ်ပေးသနားတော်မူမည်ဖြစ်သော ထိုနှစ်ဦး (တမန်တော်နှင့် အဘူဘကရ်)
ပတ်သတ်၍ အသင်မည်သို့ ထင်မြင်ယူဆသနည်း။
https://sunnah.global/hadeeth/my/show/3447